

မေတ္တာဖြင့်ဆောင်ရသော
အမှုတော်
သင်ခန်းစာ ၉၊ ဩဂုတ် ၂၉၊ ၂၀၂၅


“အလွန်ညှိုးငယ်ပူပန်သော
စိတ်နှင့် မျက်ရည်အများ
ကျလျက်၊ သင်တို့အား
ငါရေး၍ ပေးလိုက်၏။
သင်တို့ကို စိတ်နာစေခြင်း
ငှာ ငါရေးသည်မဟုတ်။
ငါသည် သင်တို့အား
အလွန်ချစ်သောမေတ္တာ
စိတ်ကို သင်တို့သိစေ
ခြင်းငှာ ငါရေး၏”
(၂ ကောရိန္သု ၂း၄)



ရှင်ပေါလု၏ ကောရိန္သုဩဝါဒစာဒုတိယစောင်ကို ကျွန်ုပ်တို့ လေ့လာကြည့်သောအခါ၊ တမန်တော်သည် အသင်းတော်၏ကောင်းကျိုးကို အလွန်စိတ်ဝင်စားကြောင်း ကျွန်ုပ်တို့ သတိပြုမိပါသည်။



အပြစ်နှင့်ပြည့်နှက်နေသော ဤလောကတွင် ဘုရားသခင်၏နောက်လိုက်ရန်မှာ ဘယ်သောအခါမှ မလွယ်ကူခဲ့ပါ။ ပထမရာစုတွင် မိမိကိုယ်ကို ခရစ်ယာန်ဟု ကြေငြာခြင်းသည် လွန်စွာခဲယဉ်းသည်။

ရှင်ပေါလုသည် အသင်းတော်အား ဤအခက်အခဲများကို အတွင်းနှင့် အပြင်နှစ်မျိုးလုံးဖြင့် ရင်ဆိုင်ရန် ပြင်ဆင်ပေးပြီး ကိုယ်ကျိုးမငဲ့သော မေတ္တာ၌ စည်းလုံးသောခန္ဓာကိုယ်တစ်ခု ဖွဲ့စည်းရန် သွန်သင်ပေးသည်။ ဤအကြံဉာဏ်မှ ယနေ့တွင် "အသက်ရှင်ခြင်းသို့ ပို့ဆောင်သော အသက်၏ရနံ့" ဖြစ်ကြောင်း ကျွန်ုပ်တို့ သင်ယူနိုင်ပါသည် (၂ ကော ၂:၁၆)။



- ဒုက္ခဆင်းရဲခြင်း၌ ဘုရားသခင်၏နှစ်သိမ့်မှု
- အမှုတော်၌ သန့်ရှင်းခြင်းနှင့်ရိုးသားမှု
- ဉာဏ်ပညာရှိရှိပြုမူနေထိုင်ခြင်း
- ခွင့်လွှတ်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်း
- ခရစ်တော်၏သင်းရနံ့

# ဒုက္ခဆင်းရဲခြင်း၌ ဘုရားသခင်၏ နှစ်သိမ့်မှု

“ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင် သက်သာခြင်းရှိသကဲ့သို့၊ ဆင်းရဲခြင်း အမျိုးမျိုးကို ခံရသောသူတို့အား သက်သာစေနိုင်မည်အကြောင်း၊ ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါတို့အား သက်သာစေတော်မူ၏” (၂ ကောရိန္သု ၁:၄)

ကောရိန္သုဩဝါဒစာဒုတိယစောင်သည် ပေါလုက နှစ်သိမ့်မှုအကြောင်း အကျယ်ပြန့်ဆုံးပြောဆိုသည့် ဩဝါဒစာဖြစ်သည်။ အသင်းတော်သည် ခက်ခဲသောအချိန်ကို ဖြတ်သန်းနေရပြီး ပေါလု၏ယခင်စာသည် သူတို့အား ဝမ်းနည်းမှုအခြေအနေသို့ ကျရောက်စေခဲ့သည်။

သို့သော် ထိုဝမ်းနည်းမှုသည် “ဘုရားတရားကြည်ညိုသော” ဝမ်းနည်းမှုဖြစ်ပြီး နောင်တရစေသည် (၂ ကော ၇:၁၀)။ ထို့ကြောင့် ပေါလုသည် ထိုဝမ်းနည်းမှုက သူတို့ကို လွှမ်းမိုးစေလိုခြင်းမဟုတ်ဘဲ သူတို့ကိုနှစ်သိမ့်မှုရရှိစေလိုခြင်းဖြစ်သည်။



သူကိုယ်တိုင် အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့သည်။ စိတ်ဓာတ်ကျခဲ့ရသည် (၂ ကော ၁:၈-၁၀)။ သို့သော် ဘုရားသခင်သည် သူ့ကို နှစ်သိမ့်မှုပေးခဲ့သည်။ ယခု ထိုနှစ်သိမ့်မှုကို ကောရိန္သုအသင်းတော်သို့ ပေးပို့သည် (၂ ကော ၁:၆)။

## ဘုရားသခင်၏နှစ်သိမ့်မှု

- ကြောက်ရွံ့ခြင်းမှ လွတ်မြောက်စေသည်
- ကူညီပေးခဲ့သော အချိန်များကို အမှတ်ရစေသည်
- ဆင်းရဲဒုက္ခကို ခံနိုင်ရည်ရှိရန် ကူညီပေးသည်
- ဝိညာဉ်ရေးရင့်ကျက်မှုဆီသို့ ပို့ဆောင်ပေးသည်
- သူတစ်ပါးအတွက် ကြားဝင်ဆောင်ရွက်တတ်အောင်အားပေးသည်
- ဘုရားသခင်က နှစ်သိမ့်ပေးခဲ့သည်နည်းတူ အချင်းချင်းနှစ်သိမ်းပေးကြသည်

# အမှုတော်၌ သန့်ရှင်းခြင်းနှင့်ရိုးသားခြင်း

"ငါတို့ဝါကြွားဝမ်းမြောက်ခြင်း အကြောင်းဟူမူကား၊ လောကီပညာကို အမှီမပြု၊ ဘုရားသခင်၏ ကျေးဇူးတော်ကို အမှီပြု၍ လျစ်လျူသော စိတ်နှင့်လည်းကောင်း၊ ဘုရားသခင် အလိုတော်ရှိသော ကြည်ဖြူခြင်းနှင့်လည်းကောင်း၊ ငါတို့သည် ဤလောက၌ ကျင့်ကြံပြုမူ၍ သင်တို့ ဆီမှာလည်း ထိုသို့အထူးသဖြင့် ကျင့်ကြံပြုမူသည်ဟု ကိုယ်ကိုကိုယ်သိသော စိတ်သည် သက်သေခံသတည်း" (၂ ကောရိန္သု ၁း၁၂)




လူအချို့က ပေါလုကို ဆုံးဖြတ်ချက်ချရန် အားနည်းသည်၊ မပြတ်သားပါဟု စွပ်စွဲကာ အထင်သေးခဲ့ကြသည် (၂ ကော. ၁၀:၁၀)။ ဤအကြောင်းကြောင့်နှင့် သူ၏အကြံဉာဏ်ကို လက်ခံနိုင်ရန်အတွက် တမန်တော်သည် ထိုသို့သောစွပ်စွဲချက်များကို ခုခံကာကွယ်ရန် လိုအပ်ခဲ့သည်။

လူသားတစ်ယောက်အနေနှင့် သူ့ကိုယ်သူ အရေးမပါသူဟုယူဆခဲ့သည် (ဖေဖက် ၃:၈)။ သို့သော် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် သူသည် ကြည်လင်သော ကိုယ်ကိုသိသောစိတ်နှင့် ကြွားဝါနိုင်ခဲ့သည် (၂ ကော ၁:၁၂)။



သူနှင့်သူ၏အပေါင်းအသင်းများက ရှင်ပေါလု၏ အပြုအမူသည် သန့်ရှင်း၊ စင်ကြယ် (ဖြူစင်)ပြီး စိတ်ရင်းမှန်ကြောင်းကို အသင်းတော်တွင်းနှင့် အပြင်တွင် ယုံကြည်စိတ်ချစွာ ပြောနိုင်ခဲ့ကြသည်။



ဤအကြောင်းကြောင့် ရှင်ပေါလု၏စာများသည် လျို့ဝှက်ကြံစည်မှုနှင့် ကင်းစင်သည်။ ဤစာများကိုဖတ်ပြီး သန့်ရှင်းမှုနှင့်ရိုးသားမှုဖြင့် နားလည်နိုင်လိမ့်မည်ဟု သူမျှော်လင့်ခဲ့သည်။ ဤစာသည် သူတို့ကို ချစ်မြတ်နိုး၍ သူတို့၏ကောင်းကျိုးအတွက်ကိုသာ ရှာဖွေခြင်းစာဖြစ်သည် (၂ ကော ၁း၁၃-၁၄)။

# ဉာဏ်ပညာရှိရှိပြုမူနေထိုင်ခြင်း

“ငါသည် သင်တို့ကို သနားသောကြောင့်သာ ယခုတိုင်အောင် ကောရိန္သုမြို့သို့မလာဟု ငါ့စိတ်ဝိညာဉ်ဘက်၌ ဘုရားသခင်ကို ငါတိုင်တည်၏” (၂ ကောရိန္သု ၁း၂၃)



ရှင်ပေါလုသည် သူ၏ပထမစာတွင် သူသွားမည့်လမ်းကြောင်းကို ကောရိန္သုအသင်းတော်အား အသိပေးခဲ့သည် (၁ကော ၁၆:၅-၁၁)။

ဖေက် → မာကေဒေါနိ → ကောရိန္သု → ယုဒပြည်

နောက်ပိုင်းစာတစ်စောင် (ပျောက်ဆုံးသွားသော ၂ ကောရိန္သု ၇:၈) တွင် သူသည် သူတို့ထံ နှစ်ကြိမ်သွားရောက်လည်ပတ်မည်ဟု အသိပေးခဲ့သည် (၂ ကော ၁:၁၅-၁၆)။

ဖေက် → ကောရိန္သု → မာကေဒေါနိ → ကောရိန္သု → ယုဒပြည်

သို့သော် သူသည် သူ၏အစီအစဉ်များကို ပြောင်းလဲခဲ့ပြီး ပထမဆုံးလာရောက်လည်ပတ်မှုကို မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည် (၂ ကော ၁:၂၃)။ ဤပြောင်းလဲမှုများကြောင့် အချို့က သူသည် မတည်မငြိမ်သူ၊ ယိုင်နဲ့နေသည်ဟု ဝေဖန်ခဲ့ကြသည်။ သူ အဘယ်ကြောင့် စိတ်ပြောင်းသွားသနည်း။





ကောရိန္သုမြို့တွင် ဖြစ်နေသော ပြဿနာများကြောင့် ရှင်ပေါလုသည်ကောရိန္သု၌ရှိနေရန် လိုအပ်ပုံရသည်။ သို့သော် သူကြုံတွေ့ရမည့် ဆန့်ကျင်မှုများသည် သူတို့အပေါ်ထားရှိသော ကြီးမားသည့်မေတ္တာကြောင့် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားလိုသော ဆန္ဒရှိကြောင်းပေါ်လွင်ပါသည် (၂ ကောရိန္သု ၂:၁-၄)။

# ခွင့်လွှတ်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်း

“အကြင်သူ၏အပြစ်ကို သင်တို့သည် လွှတ်၏၊ ထိုသူ၏အပြစ်ကို ငါသည်လည်း လွှတ်၏။ အကြောင်းမူကား၊ ငါသည် တစ်စုံတစ်ယောက်သောသူ၏ အပြစ်ကို လွှတ်ဖူးလျှင်၊ သင်တို့ကိုထောက်၍ ခရစ်တော်၏အခွင့်နှင့် လွှတ်ဖူး၏” (၂ ကော ၂:၁၀)

ပေါလုသည် တရောမြို့သို့သွားနေစဉ် တိတုသည် ကောရိန္သုမြို့သို့သွားခဲ့သည်။ တရောမြို့မှ ပေါလုသည် မာကေဒေါနိပြည်သို့ သွားခဲ့သည်။ သို့သော် တိတုသည် ကောရိန္သုမြို့ရှိ အသင်းတော် အကြောင်း သတင်းပေးရန် တရောမြို့တွင် သူ့ကို မတွေ့ဆုံခဲ့သောကြောင့် သူ အလွန်စိတ်ဆင်းရဲခဲ့ရသည် (၂ ကော၂:၁၂-၁၃)





မကြာမီတွင် တိတုသည် မာကေဒေါနိပြည်၌ ပေါလုနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည်။ တမန်တော်၏သတိပေးချက်များကိုအသင်းတော်က မည်သို့အလွန်ကောင်းမွန်စွာ တုံ့ပြန်ခဲ့ကြောင်း တိတုက ပြောပြခဲ့သည် (၂ကော ၇:၅-၉၊ ၁၃-၁၆)။



သူတို့ဖြေရှင်းရန်လိုအပ်သောပြဿနာများထဲမှ တစ်ခုမှာ အသင်းတော်စည်းကမ်းဖြစ်သည်။ တမန်တော်၏စကားကိုနာခံ၍ ပြစ်မှားသူသည် ဆုံးမခြင်းကိုခံခဲ့ကြသည်။ ၎င်းတို့သည် ဆုံးမခြင်းကိုလက်ခံခဲ့ကြသည်။ ယခု ရှင်ပေါလုက သူတို့အား ခွင့်လွှတ်ခြင်းနှင့်ပြန်လည်ထူထောင်ခြင်းကို ပြုကြရန် တောင်းဆိုခဲ့သည်(၂ကော ၂:၅-၁၁)။

# ခရစ်တော်၏သင်းရနံ့

“အဘယ်သို့နည်း ဟူမူကား၊ ငါတို့သည် ကယ်တင်သော သူတို့၌လည်းကောင်း၊ ဆုံးရှုံးသော သူတို့၌လည်းကောင်း၊ ဘုရားသခင်အား ခရစ်တော်၏ အမွှေး အကြိုင်ဖြစ်ကြ၏” (ကောရိန္သု ၂း၁၅)



တရောမြို့တွင် ဧဝံဂေလိတရားကို အောင်မြင်စွာဟောပြောရန် “တံခါးကိုဖွင့်တော်မူ" သော ဘုရားသခင်ကို ပေါလုက ဟော်ဟစ်ချီးမွမ်းခဲ့သည်။ “ခရစ်တော်၏ အောင်ပွဲခံလှည့်လည်ပွဲ၌ ငါတို့ကို သုံ့ပန်းများအဖြစ် အမြဲပို့ဆောင်တော်မူပြီး ကိုယ်တော်ကို သိကျွမ်းခြင်း၏ ရနံ့ကို အရပ်ရပ်၌ ပျံ့နှံ့စေရန် ငါတို့ကို အသုံးပြုတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှပေ၏” (၂ ကော. ၂း၁၄)။

အနံ့အပြားပျံ့နှံ့သော ရနံ့ကဲ့သို့ ခရစ်တော်ကို သိကျွမ်းခြင်းသည် လူတိုင်းထံ ရောက်ရှိသည်။ ကျွန်ုပ်တို့ကဲ့သို့ပင် ကောရိန္သုအသင်းတော်အတွက် ဤရနံ့သည် ထာဝရအသက်ဖြစ်သည်။ သို့သော် ခေါ်တော်မူခြင်းကို ငြင်းပယ်သူများအတွက်မူ သေမင်း၏ရနံ့ဖြစ်သည် (၂ ကော ၂း၁၅-၁၆)။





၎င်းတွင်ပါဝင်သည့် တာဝန်ဝတ္တရားကို အာရုံစိုက်ကာ ပေါလုက သတင်းစကားကို ကိုယ်ကျိုးမရှာဘဲ နားထောင်သူများ၏ ကယ်တင်ခြင်းကိုသာ စိတ်ရင်းမှန်ဖြင့် ပေးရမည်ကို ရှင်းပြသည် (၂ ကော ၂း၁၇)။

“ဤသစ္စာရှိ တမန်တော်သည် ကောရိန္သုယုံကြည်သူများကြားတွင် အံ့ဩဖွယ် ကောင်းသော ပြောင်းလဲမှုတစ်ခုဖြစ်ပျက်ခဲ့ကြောင်း သတင်းကောင်းကို ယူဆောင်လာခဲ့သည်။ ပေါလု၏စာတွင်ပါရှိသော ညွှန်ကြားချက်ကို လက်ခံပြီး ၎င်းတို့၏အပြစ်များအတွက် နောင်တရခဲ့ကြသည်။ သူတို့၏သက်တာများသည် ခရစ်ယာန်ဘာသာအတွက် ကဲ့ရဲ့ရှုတ်ချစရာမဟုတ်တော့ဘဲ လက်တွေ့ကျသော ဘုရားဝတ်၌မွေ့လျော်ခြင်းအတွက် အစွမ်းထက်သော ဩဇာလွှမ်းမိုးမှုကို ဖြစ်ပေါ်စေခဲ့သည်။ [...]

နှလုံးသားအပေါ် ဘုရားသခင်၏ကျေးဇူးတော်၏ ဩဇာလွှမ်းမိုးမှုဖြင့် ဖြစ်ပေါ်လာသော နောင်တသည် အပြစ်ကို ဝန်ခံခြင်းနှင့် စွန့်လွှတ်ခြင်းသို့ ဦးတည်စေလိမ့်မည်။ ထိုသို့သော အသီးအနှံများကို တမန်တော်က ကောရိန္သုယုံ ကြည်သူများ၏ ဘဝများတွင် မြင်တွေ့ခဲ့ရကြောင်း ကြေငြာခဲ့သည်။”

**EGW (The Acts of the Apostles, pp. 324)**